# ဇီဝိတဒါန ဆေးအလှူတော်ရုံ - သံဖြူဇရပ်

# နှစ်ပတ်လည်အစီရင်ခံစာ (မူကြမ်း)

# ၂၀၁၉ ခုနှစ်

## နိဒါန်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ဇီဝိတဒါနဆေးအလှူတော်ရုံကို သံဖြူဇရပ်မြို့နယ်၊ တောင်ဖလုရွာ၊ ဓမ္မဝိဟာရ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပိယ(အရှင်သုည)မှ ဦးစီးပြီး အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၏ သဒ္ဓါ အင်အားများဖြင့် စုပေါင်းတည်ထောင် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

လူမျိုးမရွေး၊ ဘာသာမရွေး၊ ဂိုဏ်းဂဏမရွေး၊ အမျိုးအစားမရွေး၊ နာမကျန်းသူ ရဟန်းရှင်လူသားများအား လုံးကို စေတနာ၊ မေတ္တာ၊ ကရုဏာ အခြေခံပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် တည်ထောင် ဖွင့်လှစ်ထား ခြင်းဖြစ်ပါသည်။

| | |
|---|---|
| တည်ရာဌာန | အမှတ်(၁)၊ ကျိုက္ခမီလမ်း၊ ကြာကန်တိုးချဲ့၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။ |
| စတင်တည်ထောင်သောနေ့ | ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်။ |
| ဆေးဝါး စတင်လှူဒါန်းသည့်နေ့ | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်။ |
| ဆေးအလှူတော်ရုံဖွင့်လှစ်သည့်နေ့ | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်။ |

## ရည်ရွယ်ချက်

၁။ မကျန်းမာသူ ရဟန်းသာမဏေ၊ သီလရှင်များနှင့် မတူကွဲပြား လူသားအားလုံးတို့အား ပြုစုကုသပေးခြင်းဖြင့် ဗုဒ္ဓဘုရားရှင်အား ပြုစုခွင့်ရလိုခြင်း။

၂။ အရေးအကြီးဆုံး အချိန်ကာလမှာ အလွန်လိုအပ်သော အရာတွေကို လှူဒါန်းမှု ကာလဒါန ပြုခွင့်ရလိုခြင်း၊

၃။ မေတ္တာ၊ ကရုဏာ၊ ပြဟ္မစိုရ်တရားများဖြင့် လောကကို မွမ်းမံခြယ်သ အလှဆင်လိုခြင်း၊

၄။ ကျန်းမာရေးဆေးဝါး အလှူကြောင့် ရောဂါဝေဒနာကင်းသော အရှင်ဗာကုလမထေရ်ကဲ့သို့ သက်ရှည်ကျန်း မာ စိတ်ချမ်းသာကြောင်း ပါရမီကောင်းမှုကို ဖြည့်ဆည်းလိုခြင်း၊

၅။ ကျန်းမာရေးသုခနှင့်ပြည့်စုံပြီး မိမိတို့၏ ဘာသာရေးအဆုံးအမ လမ်းစဉ်အတိုင်း လောကအကျိုး ဆောင် ရွက်ကြသော လူ့ဘောင်တစ်ခု တည်ဆောက်လိုခြင်း။

# တစ်နှစ်တာအတွင်းလုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များ

## ၁။ ရိုးရိုးဖျားနာပြင်ပလူနာများကိုကုသပေးခြင်း

(၁) ရက်သတ္တ (၁)ပတ်လျှင် (၃)ရက် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေနေ့ (ယခုနှစ် သောကြာနေ့) နံနက် (၈)နာရီမှ မွန်းလွဲ (၁)နာရီအထိ လာရောက်သော လူနာများအား ကုန်သည်အထိ ကုသပေးပါသည်၊

(၂) သံဃာတော်နှင့်သီလရှင်များအတွက် ပိတ်ရက်မရှိ ကုသပေးပါသည်၊

(၃) ယခုနှစ်တွင် ရိုးရိုးဖျားနာလူနာပေါင်း (31,173)ဦး၊ ပျမ်းမျှတစ်လလျှင် (2,598) ဦး လာရောက်ကု သ ခဲ့ပါသည်၊

(၄) အများဆုံးလာရောက်ကုသသည့်လူနာများမှာ ဆီးချိုနှင့် သွေးတိုးဝေဒနာရှင်များ ဖြစ်ပါသည်၊

(၅) သံဃာတော်၊ သီလရှင်နှင့် သက်ကြီးရွယ်အို၊ ဒုက္ခိတနှင့် လမ်းမလျှောက်နိုင်သော လူနာများမှလွဲ၍ အခြားလူနာများအားလုံး ဦးရာလူတန်းစီစနစ်ဖြင့် နေရာချပေးပါသည်၊

(၆) ရေရှည်ဆေးသောက်သုံးရသူများအတွက် ရပ်ဝေး (၁၄)ရက်၊ ရပ်နီး (၇)ရက်စာ ဆေးဝါးပေးဝေ လှူဒါန်းပေးပါသည်။

(၇) ဆေးအလှူတော်ရုံ တာဝန်ခံဆရာဝန် ဒေါက်တာ မောင်မောင်ဦးနှင့် လက်ထောက် ဆရာဝန် ဒေါက်တာ လှမောင်ဌေးတို့က ကုသပေးပြီး လူနာများသောနေ့များတွင် ဒေါက်တာ ပိုင်စိုးလင်း မှ လာရောက် ဝိုင်းဝန်းကူညီ ကုသပေးပါသည်။

## ၂။ သွားဘက်ဆိုင်ရာလူနာများ

(၁) အပတ်စဉ် စနေနေ့ (ယခုနှစ် ဗုဒ္ဓဟူးနေ့)တိုင်း နံနက်(၁၁)နာရီမှ လူနာကုန်သည်အထိ ကုသပေး ပါသည်၊

(၂) သွားဘက်ဆိုင်ရာဝေဒနာရှင် လူနာပေါင်း (202)ဦး၊ ပျမ်းမျှတစ်လလျှင် (17) ဦး လာရောက်ကုသ ခဲ့ပါသည်၊

(၃) ဒေါက်တာ ဝေယံစိုး မှ အပတ်စဉ် တာဝန်ယူကုသပေးပါသည်။

## ၃။ မျက်စိခွဲစိတ်ကုသမှု

(၁) တစ်လလျှင်တစ်ကြိမ် ကုသပေးပါသည်၊

(၂) မျက်စိပါဝါစမ်းသပ်ပေးခြင်း၊ ဆေးဝါးဖြင့်ကုသပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သော လူနာများကို သတ်မှတ်ပေး ပြီး နောက်လများတွင် ရုံးအဖွဲ့က တယ်လီ ဖုန်းဖြင့် ဆက်သွယ်ခေါ်ယူကာ ခွဲစိတ် ကုသ ပေးပါသည်၊

(၄) ဆရာဝန်မှ သတ်မှတ်ထားသော ခွဲစိတ်ရန်လူနာစာရင်းတွင် သံဃာတော်၊ သီလရှင်များကို ဦးစား ပေးပြီး ကျန်သူများအား အစီအစဉ်အလိုက်လစဉ် လူနာ (၃၀)ဦးနှုန်းဖြင့် မျက်စိခွဲစိတ်ပေးပါသည်၊

(၅) ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် မော်လမြိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာ အောင်နေဦးနှင့်အဖွဲ့က လာရောက်ပြီး ခွဲစိတ်ကုသ ပေးခဲ့ပါသည်

(၆) ဒေါက်တာအောင်နေဦးက ရာထူးပြောင်းရွှေ့သွားသည့်အခါ ရန်ကုန်မင်္ဂလာဒုံ တပ်မတော်ဆေးရုံ (ကုတင် ၁၀၀၀)မှ ဒေါက်တာ ကောင်းမြတ်ခိုင်နှင့်အဖွဲ့က ဆက်လက်တာဝန်ယူ ကုသပေးခဲ့ ပါ သည်၊

(၇) မျက်စိခွဲစိတ်လူနာတစ်ဦးလျှင် (40,000)/ လေးသောင်းကျပ်နှုန်းဖြင့် ဆေးအလှူတော်ရုံမှ ဆရာ ဝန်နှင့်အဖွဲ့ကို ဥာဏ်ပူဇော်ခ ချီးမြှင့်ပေးပါသည်၊

(၈) စက္ခုဒါနစေတနာရှင်များကလည်း မျက်စိ(၁)လုံး ခွဲစိတ်ရန်အတွက် ဆရာဝန်ဥာဏ်ပူဇော်ခနှင့် ဆေး ဖိုးဝါးခအဖြစ် (50,000)/ ငါးသောင်းကျပ်နှုန်းဖြင့် အများအပြား လာရောက်လှူဒါန်း ခဲ့ကြပါသည်၊ ယခုနှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီလနှင့် ဇူလိုင်လအတွက် (၁)လလျှင် မျက်စိ(၃၀)လုံးစီ ခွဲစိတ် ကုန်ကျ ငွေ အလှူရှင်တစ်ဦး ရှိနေပါကြောင်း ဝမ်းမြောက်စွာ အစီရင်ခံအပ်ပါသည်၊

(၉) မျက်စိဝေဒနာရှင် ပြင်ပလူနာ (864)ဦး၊ ခွဲစိတ်လူနာ (190)ဦး၊ စုစုပေါင်း(1,054)ဦး တို့ကို ကုသပေး ခဲ့ပါသည်။

## ၄။ အထွေထွေခွဲစိတ်ကုသမှု

(၁) လစဉ် တစ်လလျှင်တစ်ကြိမ် လာရောက်ပြီး အခမဲ့ခွဲစိတ် ကုသပေးခဲ့ပါသည်၊

(၂) ပြည်တွင်းပြည်ပအထူးကုအဖွဲ့များ လာရောက်သော လများတို့တွင် အထူးကုအဖွဲ့နှင့်အတူ ပူးပေါင်း ပြီး ခွဲစိတ်ကုသပေးပါသည်၊

(၃) အများအားဖြင့် လည်ပင်ကြီး၊ အူကျ၊ မှတ်ကြီး၊ လိပ်ခေါင်း၊ အကြောထုံးရောဂါ၊ အရိုးအကြော၊ ရင် သားနှင့် အခြားအကြိတ်အမျိုးမျိုး ရောဂါဝေဒနာရှင်များကို ခွဲစိတ်ကုသပေးပါသည်၊

(၄) မော်လမြိုင်မြို့မှ အငြိမ်းစားခွဲစိတ်အထူးကု ဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဦးသိန်းဦး နှင့် ဒေါက်တာဦးလှဝင်းတို့က ဦးဆောင်ပြီး မော်လမြိုင်မြို့ အမှတ်(၅)၊ တပ်မတော်ဆေးရုံ (ကုတင် ၃၀၀)မှ ခွဲစိတ်ဆရာဝန်များ၊ မေ့ဆေးဆရာဝန်များတို့က အဓိကတာဝန်ယူ လာရောက်လျက် လ စဉ် အခမဲ့ခွဲစိတ်ကုသ ပေးကြပါသည်။

(၅) ဆေးအလှူတော်ရုံ ဝန်ထမ်းများအပြင် ဒေသခံ သံဃာ့ဖြုဇရပ်၊ မော်လမြိုင် ပြည်သူ့ဆေးရုံနှင့် အခြားသောဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများတို့ကလည်း လာရောက် ပြီး တစ်တပ်တစ်အား လုပ်အားဒါနပြုလျက်ရှိပါသည်၊

(၆) ယခုနှစ်တွင် (၆)ကြိမ် အထွေထွေခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ပြီး ပြင်ပလူနာ (32)ဦးနှင့် ခွဲစိတ်လူနာ (130)ဦးတို့ကို အခမဲ့ကုသပေးခဲ့ပါသည်။

## ၅။ ပြည်တွင်း၊ ပြည်ပအထူးကုအဖွဲ့များ

(၁) အခါအားလျော်စွာ ရန်ကုန်မြို့နှင့် နိုင်ငံခြားမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့တို့က လာရောက် အခမဲ့ကုသခွဲစိတ် ပေးကြပါသည်၊

(၂) ယခုနှစ်တွင် .....

(က) အီတလီနိုင်ငံမှ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ရော်ဘင်ချန်းနှင့် အဖွဲ့တို့က ဇန်နဝါရီလတွင် (၁)ကြိမ်၊

(ခ) ရန်ကုန်မြို့မှ အသည်းနှင့်ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးသန်းလွင်နှင့်အဖွဲ့တို့က ဖွန်လ၊ ဇူလိုင်လနှင့် အောက်တိုဘာလတို့တွင် (ဆေးနှင့်ဆေးပစ္စည်း အလှူရှင် ရန်ကုန်မြို့မှ ဦးဝင်းဆွေ (ခ) ဦးခွေးကြီးနှင့်အတူ) (၃)ကြိမ်တိုင်တိုင် နှင့်

(ဂ) ရန်ကုန်မြို့မှ အရိုးအကြောအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးအောင်သိန်းဌေးနှင့်အဖွဲ့က (အမေရိကန်နိုင်ငံမှ NGO ဖြစ်သော SIGN အဖွဲ့၏ ပူးပေါင်းပံ့ပိုးမှုဖြင့်) ဒီဇင်ဘာလတွင် (၁)ကြိမ် လာရောက်ပြီး အခမဲ့ ခွဲစိတ်ကုသပေးခဲ့ပါသည်၊

(၃) သမားတော်ကြီးများ၊ ခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ ကလေး၊ သွားနှင့်ခံတွင်း၊ မျက်စိနှင့် အရိုးအကြော ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ တို့ပါဝင်ခဲ့ကြပါသည်၊

(၄) အထူးကု ပြင်ပလူနာ (497)ဦး၊ ခွဲစိတ်လူနာ (162)ဦး စုစုပေါင်း အထူးကုသခဲ့ရသည့် လူနာမျိုးစုံ (659)ဦးတို့ကို အခမဲ့ကုသခြင်း၊ ခွဲစိတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

## ၆။ ခွဲစိတ်ခန်းသုံးစက်ပစ္စည်းနှင့်စမ်းသပ်စက်အသစ်များဝယ်ယူခြင်း

လူနာများကိုခွဲစိတ်ရာတွင် ပိုမိုထိရောက် မြန်ဆန်စေရေးအတွက် ယခင်ရှိပြီး မေ့ဆေးပေးစက်နှင့် သွေးတိတ်စက်များအပြင် ယခုနှစ်တွင် မေ့ဆေးပေးစက် (Anaesthesia Machine – Fabius Plus / Drager) အသစ်တစ်လုံး ကျပ်ငွေ (၃၆၂)သိန်းကျော်နှင့် သွေးတိတ်စက် (Diathemy – Electrosurgical Unit) အသစ်တစ်လုံး ကျပ်ငွေ (၂၇)သိန်း ကျော်တို့ကို ကနဦးအလှူရှင်များ (မိုးကုတ်မြို့နှင့်ရန်ကုန်မြို့) တို့၏ မတည်အလှူငွေနှင့်အတူ စေတနာရှင်များ၏ စုပေါင်းအလှူငွေများဖြင့် ထပ်မံဝယ်ယူအသုံးပြုခဲ့ပါသည်။

မျက်စိလူနာများတို့အတွက် မျက်စိပါဝါစမ်းသပ်စက် (Auto Refract Keratometer – Quick Reference) အသစ်တစ်လုံး (၇၆.၅)သိန်းကျပ်ကိုလည်း ဝယ်ယူကာ ကုသပေးခဲ့ပါသည်။

မဲဆောက်မြို့၊ မယ်တော်ဆေးရုံ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Burma Children Medical Fund (MCMF) နှင့် Health For All အဖွဲ့တို့ကလည်း (28-2-2019) ရက်နေ့တွင် လာရောက်ပြီး အောက်ပါ ခွဲစိတ်ခန်းသုံး ပစ္စည်းများတို့ကို လှူဒါန်းသွားခဲ့ကြပါသည်။

(၁) ချွဲစုပ်စက် (Low Vacuum Suction DYX - 1A)

(၂) ကလေးအောက်စီဂျင်ပမာဏတိုင်းစက် (M3A Vital Signs Monitor with Paed access)

(၃) အီးစီဂျီစက် (SE-1 Electrocardiograph)

(၄) အောက်စီဂျင်ထုတ်ပေးသည့်စက် (Oxygen Concentrator 10L Dual Flow)

## ၇။ အရေးပေါ်လူနာတင်ယာဉ်

(၁) သံဖြူဇရပ်မြို့ ပြည်သူ့ဆေးရုံမှ မော်လမြိုင်မြို့ရှိ ပြည်သူ့ဆေးရုံများသို့ ပို့ဆောင်ရန် လိုအပ်သော အရေးပေါ်လူနာများတို့အား သံဖြူဇရပ်မြို့ပေါ်ရှိ အခြားသော အရေးပေါ် လူနာတင်ယာဉ်အဖွဲ့များ နှင့်အတူ အလှည့်ကျစနစ်ဖြင့် ပို့ဆောင်ပေးလျက်ရှိပါသည်။

(၂) အရေးပေါ်လူနာ (208)ဦး၊ ပျမ်းမျှတစ်လလျှင် (17) ဦး ပို့ဆောင်ပေးခဲ့ရပါသည်၊

(၃) သံဖြူဇရပ်မြို့ နာရေးကူညီမှုအသင်းမှ ဦးဆောင်သော အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်အရ သံဖြူဇရပ်မြို့ အနောက်ဖက်ခြမ်း လမ်းမတစ်လျှောက်ပေါ်တွင် ဖြစ်ပွားသော အရေးပေါ်ထိခိုက်မှု ဒဏ်ရာရလူနာများကို ဖြစ်ပွားသည့်နေရာမှ သံဖြူဇရပ်ဆေးရုံသို့ သွားရောက်ကောက်ယူ ပို့ဆောင်ပေးသော တာဝန်ကိုလည်း ယူထားပါသည်။

(၄) ယာဉ်မောင်းဝန်ထမ်းတစ်ဦးနှင့်အတူ စေတနာလုပ်အားရှင် ယာဉ်တာဝန်ခံ အကျိုးတော်ဆောင် ကော်မတီဝင် တစ်ဦးတို့က (၂၄)နာရီ ဝန်ဆောင်မှုတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

## ၈။ ဝန်ထမ်းများ

(၁) ဆေးဝါးကုသရေးဝန်ထမ်းများ

(က) တာဝန်ခံ ဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦးနှင့်အတူ သူနာပြုဆရာမ(၂)ဦး၊ သူနာပြုနှင့်ဆေးဝါးအကူ (၁)ဦး၊

(ခ) လုပ်အားပေး သူနာပြုနှင့်ဆေးဝါးအကူ (၂)ဦး၊ ပြင်ပလူနာဖွင့်ရက်များတွင် လူနာအမည်စာရင်း မှတ်တမ်းတင်နှင့် နေရာချထားရေး၊ ဆေးဝါးပေးဝေရေးနှင့် အခြားသော လုပ်အား ဒါနရှင်များ၊

(၂) ရုံးဝန်ထမ်းများ

(က) ရုံးအုပ်နှင့်စာရင်းကိုင် (၁)ဦး၊ စာရေး (၂)ဦး၊ ကွန်ပျူတာစာရေးနှင့်အကူ (၂)ဦး၊

(ခ) ရုံးလုပ်ငန်းနှင့်ကွန်ပျူတာ လုပ်အားပေး (၂)ဦး

(ဂ) ယခုနှစ်လယ်မှစတင်၍ ဆေးအလှူတော်ရုံ၏ ရုံးလုပ်ငန်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ရုံးသုံးကွန်ပြူတာများဖြင့် စနစ်တကျ တိုးချဲ့လုပ်ဆောင်ပြီး ငွေစာရင်းနှင့်အလှူရှင် စာရင်းများ ဆေးဝါးနှင့် ဆေးပစ္စည်းဝယ်ယူမှု၊ နေ့စဉ် လူနာများတို့အား ဆေးဝါး ပေးဝေ လှူဒါန်းစာရင်းများ၊ ရိုးရိုးဖျားနာ ပြင်ပလူနာများ၊ အထူးကု ပြင်ပနှင့်ခွဲစိတ် လူနာစာရင်းများ၊ ဆေးအလှူတော်ရုံ၏ ပုံသေပိုင်နှင့် ရုံးလုပ်ငန်းအသုံးအဆောင် ကုန်ပစ္စည်းစာရင်းများ စသည်ဖြင့် မှတ်တမ်းပြုစုထားအပ်သည်များကို မှတ်တမ်းထားရှိကာ ဆေးရုံစီမံကွပ်ကဲမှု လုပ်ငန်းများကို ရုံးဝန်ထမ်းများ တိုးချဲ့ခန့်ထားပြီး ယခင်နှစ်များကထက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

(၃) နေ့စားဝန်ထမ်းများ

(က) အစမ်းခန့်ယာဉ်မောင်း (အရေးပေါ်လူနာတင်ယာဉ်ဦးစားပေး) (၁) ဦး၊

(ခ) ညစောင့် (၁)ဦး၊ သန့်ရှင်းရေးဝန်ထမ်း (၂)ဦး၊ အလှူခံမဏ္ဍပ်အကူ (၁)ဦး၊

(ဂ) ခွဲစိတ်ရက်များတွင် ခွဲစိတ်ခန်းအကူ၊ ခွဲစိတ်ခန်းပစ္စည်းနှင့်အဝတ် ဆေးကြောခြင်း၊ လျှော်ဖွတ်ခြင်း၊ ရေမီးစောင့်ကြပ်ပြင်ဆင်ခြင်းနှင့် အိုးခွက်ပန်းကန် ဆေးကြောခြင်း တို့အတွက် အထူး နေ့စားဝန်ထမ်းများကိုလည်း ခေါ်ယူငှာရမ်းမှုများ ရှိပါသည်။

## ၉။ အဆောက်အဦများဆောက်လုပ်ခြင်း

(၁) မကျန်းမာသည့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်နိုင်ရန် ဇရာသုခဂိလာန ဘိုးဘွားရိပ်သာ အဆောက်အဦအသစ် ဆောက်လုပ်ခြင်း၊

(၂) ဆေးအလှူတော်ရုံတွင် ဂိလာနသံဃာတော်များ သက်တောင့်သက်သာ တက်ရောက်ကုသနိုင်ရေး အတွက် ခွဲစိတ်ဆောင်၏ အပေါ်ထပ်တွင် ခြောက်ထပ်ဆောင်တိုးချဲ့ဆောက်လုပ်ခြင်း၊

(၃) ဆေးအလှူတော်ရုံ၏ ဝန်ထမ်းအိမ်ယာ တိုးချဲ့ဆောက်လုပ်ခြင်း၊

(၄) ပင်မသုံးထပ်ဆောင် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း၊

(၅) ဆေးအလှူတော်ရုံ၏ ရုံးအဆောက်အဦအသစ်အတွက် အဝီစိတွင်းသစ် တူးဖေါ်ခြင်း၊

(၆) ပဓာန နာယကဆရာတော်၏ မယ်တော် ဒေါ်ရင်သိန်း(မုဒုံမြို့)မှ မတည်အလှူငွေ သိန်း(၄၀၀)ဖြင့် ဓမ္မသဘင်နှင့် အခြားအခမ်းအနားများ ကျင်းပရန်နှင့်အတူ ဆေးအလှူတော်ရုံ ရုံးခန်းများအတွက် ဇီဝိတသုခခန်းမ အဆောက်အဦအသစ် ဆောက်လုပ်ခြင်း၊

စသည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း (၂၇၀၀) နီးပါး ကုန်ကျခဲ့ပါသည်။

## ၁၀။ လစဉ်ကုန်ကျစရိတ်များ

ဆေးအလှူတော်ရုံ၏ ဆေးရုံ၏ ပုံမှန်လုပ်ငန်းဖြစ်သော ဆေးဝါးကုသမှုလုပ်ငန်းနှင့် လစဉ်အလှူငွေရရှိရေး အကျိုးတော်ဆောင်အဖွဲ့ လုပ်ငန်းဆိုင်ရာတို့အတွက် ကျပ်သိန်းပေါင်း (၃၁၃၀)ကျော် ကုန်ကျခဲ့ပါသည်။

(၁) သာမာန်ရိုးရိုးဖျားနာ ပြင်ပလူနာများအတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများ ဝယ်ယူကုန်ကျစရိတ်မှာ ကျပ်သိန်းပေါင်း (၁၃၆၀) နီးပါးဖြစ်ပြီး လစဉ်ပုံမှန်ကုန်ကျငွေ၏ (၄၃)ရာခိုင်နှုန်း၊ တစ်ဝက်ပါးခန့် ဖြစ်ပါသည်၊

(၂) အခြားဆေးအလှူတော်ရုံ၏ ပုံမှန်လုပ်ငန်းများတွင်

(က) ဝန်ထမ်းလစာနှင့် ဥာဏ်ပူဇော်ခ၊ နေ့စားဝန်ထမ်းများနှင့် စေတနာလုပ်အားဒါနရှင်များအား ထောက်ပံ့ကြေး၊

(ခ) မျက်စိခွဲစိတ်ကုသခြင်း၊ အထွေထွေခွဲစိတ်ကုသခြင်းနှင့် ပြည်တွင်းပြည်ပအထူးကု အဖွဲ့ များအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများဝယ်ယူခြင်း၊ တည်းခိုစရိတ်နှင့် စားသောက်ဧည့်ခံ စရိတ်များ၊ အကြိုအပို့စရိတ်များ၊

(ဂ) လစဉ် လျှပ်စစ်မီတာခနှင့် လျှပ်စစ်ပစ္စည်းများလဲလှယ်ပြင်ဆင်ခြင်း၊ မော်တော်ယာဉ် စက် ပစ္စည်းများ ပြင်ဆင်ခြင်းနှင့် စက်သုံးဆီဝယ်ယူခြင်း၊

(ဃ) ပုံသေပိုင် ပစ္စည်းများဝယ်ယူခြင်း၊ ရုံးလုပ်ငန်းနှင့် ရုံးအသုံးအဆောင် ပစ္စည်းများဝယ်ယူခြင်း၊

စသည်တို့အတွက် ကျပ်သိန်းပေါင်း (၁၅၄၄)ကျော်ဖြစ်ပြီး လစဉ်ပုံမှန်ကုန်ကျစရိတ်၏ ( ၅၀ ) ရာခိုင်နှုန်း တစ်ဝက်ကျော် ဖြစ်ပါသည်။

(၃) အခြားသော အကျိုးတော်ဆောင် လုပ်ငန်းပိုင်းဆိုင်ရာများမှာ

(က) ခရီးအသုံးစရိတ်များ

(ခ) အလှူခံမဏ္ဍပ်နှင့်အလှူခံခြင်းစရိတ်များ

(ဂ) ဧည့်ခံခြင်းနှင့်အသေးသုံးစရိတ်များ

(ဃ) (၉)နှစ်မြောက် နှစ်ပတ်လည်ကုန်ကျစရိတ် တို့ဖြစ်ပြီး

ကုန်ကျငွေမှာ ကျပ်သိန်းပေါင်း (၂၂၇)ကျော်ဖြစ်ပြီး လစဉ်ပုံမှန် ကုန်ကျစရိတ်၏ (၇) ရာခိုင် နှုန်းကျော် ဖြစ်ပါသည်။

## ၁၁။ အလှူဝင်ငွေများ

ဆေးအလှူတော်ရုံ၏ အထက်ပါ နေ့စဉ်၊ လစဉ် ပုံမှန် အခမဲ့ကုသ၊ ဆေးဝါးလှူဒါန်းခြင်း လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ လည်ပတ်စေရေးနှင့် ဆက်လက်ပြီး ရေရှည်ပုံမှန် တည်တံ့ရေးနိုင်ရေးတို့အတွက် လိုအပ်သော အလှူငွေများကို အောက်ပါအတိုင်း ရရှိနေပါသည် ...

(၁) ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မပိယ (အရှင်သုညဲ)၏ နှစ်စဉ် ထိုင်းနိုင်ငံဓမ္မသဘင် အလှူငွေများ၊ ထိုင်းနိုင်ငံ ဒေသအသီးသီးရှိ ဇီဝိတဒါနအဖွဲ့များတို့၏ ပုံမှန်လစဉ်ကြေးအလှူငွေတို့မှာ ကျပ်သိန်းပေါင်း (၂၀ဂဂ)နီးပါးဖြစ်ပြီး အလှူငွေအားလုံး၏ (၄၅)ရာခိုင်နှုန်းကျော် ဖြစ်ပါသည်၊

(၂) အခြားသော (၅၀) ရာခိုင်နှုန်းတို့မှာ အနယ်နယ်အရပ်ရပ်မှ သဒ္ဓါကြည်လင် စေတနာရှင်များတို့၏ တတပ်တအား ပါဝင်လှူဒါန်းငွေများနှင့်အတူ၊ ဆေးအလှူတော်ရုံရှေ့ရှိ အလှူခံမဏ္ဍပ်ဖလား အလှူငွေ၊ လာရောက်ကုသသော လူနာများထည့်ဝင်သော ဆေးအလှူခံပုံးအလှူငွေ၊ သံဖြူဇရပ် မြို့ပေါ်နှင့် နယ်အသီးသီးသို့ လှည့်လည်အလှူခံငွေ၊ ရပ်ကွက်ကျေးရွာအသီးသီးရှိ ဇီဝိတဒါန အဖွဲ့များတို့၏ ပုံမှန်လစဉ်ကြေးအလှူငွေများ၊ ငွေပဒေသာပင်အလှူငွေနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်တို့၏ အထွေထွေထည့်ဝင် လှူဒါန်းငွေများဖြစ်ကြပါသည်။

(၃) ဆေးအလှူတော်ရုံရှေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်ပွဲတော်ရက်အတွင်း အလှူခံခြင်းနှင့် ဖျော်ဖြေရည်အအေးတိုက်ကျွေးခြင်းကို သီတင်းကျွတ်လဆန်း(၁)ရက်နေ့မှ လပြည့်ကျော် (၅) ရက်နေ့အထိ (1.10.2019 မှ 18.10.2019 အထိ) (၁၈)ရက်တိုင်တိုင် ဆေးအလှူတော်ရုံ ရုံးဝန်ထမ်း၊ အကျိုးတော်ဆောင်ကော်မတီဝင်များနှင့် ဒေသအသီးသီးရှိ ဇီဝိတဒါနအဖွဲ့ဝင် (၇၂၁) ဦးတို့၏ နေ့စဉ်လုပ်အားဒါနတို့ဖြင့် အလှူခံခဲ့ရာ၌ အလှူတော်ငွေ ကျပ် (၂၁၃) သိန်းကျော် ရရှိခဲ့ပြီး ဆေးအလှူတော်ရုံသို့ ကျပ် (၁၆၁)သိန်းကို ထည့်ဝင်လှူဒါန်းနိုင်ခဲ့ပါသည်။

(၄) ၂၀၁၆ ခုနှစ်၊ နှောင်းပိုင်းတွင် စတင်ခဲ့သော ငွေပဒေသာပင်အလှူငွေ စုစုပေါင်းမှာ ကျပ်သိန်းပေါင်း (၁၀၈၈)ဖြစ်ပြီး ဇီဝိတဒါနဂေဟာ ဝယ်ယူရာ၌ ကျပ်သိန်းပေါင်း (၁၀၀၀)တိတိကို ထည့်ဝင် ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

## ၁၂။ အပင်တစ်သောင်းခွဲထာဝရဆေးပဒေသာပင်စီမံကိန်း

ဆေးအလှူတော်ရုံ ရေရှည်ရပ်တည်တံ့စေရန်အလို့ငှါ ပဓာနနာယကဆရာတော် ကိုယ်တိုင်စီစဉ် ကြပ်မတ်မှုဖြင့် ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် စတင်ခဲ့သော (၁)ပင်လျှင် ကျပ်(၁)သိန်းနှုန်း သတ်မှတ်ထားသည့် အပင်တစ်သောင်းခွဲ ထာဝရဆေးပဒေသာပင် စီမံကိန်းကို အလှူခံဆောင်ရွက်လျက်ရှိရာ ယခုအခါ အပင်ပေါင်း (၃၄၁၅) ပင် စိုက်ထူနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဇီဝိတဒါနဆေးအလှူတော်ရုံ ထာဝရဆေးပဒေသာပင်နှင့် ငွေပဒေသာပင် အလှူငွေတို့ဖြင့် ဇီဝိတဒါနဂေဟာ (သံဖြူဇရပ်မြို့၊ ကြံ့ခိုင်ရေးရပ်ကွက်၊ အောင်ဆန်းလမ်းမနှင့် နှင်းဆီလမ်းထောင့်၊ မြသိမ်ကျောင်း ရှေ့ရှိ မြေကွက် နှင့်အိမ်) ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ဝယ်ယူခဲ့ပြီး နောင်ခွဲစိတ်ကုသရက်နှင့် ပြည်တွင်းပြည် ပ အထူးကုအဖွဲ့များ လာရောက်ရာ၌ တည်းခိုရန် ပြင်ဆင်မွမ်းမံသွားပါမည်။

ရာသက်ပန်ပါရမီရှင်များသည် ကောင်းရာမွန်ရာ တမလွန်ဘဝသို့ ရောက်ရှိသွားပါသော်လည်း မိမိတို့စိုက်ထူ ခဲ့သော ရာသက်ပန်အလှူငွေ ဆေးပဒေသာပင်မှ အသီးအပွင့်များတို့ဖြင့် အနာဂတ် ဆေးအလှူ တော်ရုံ၏ အခမဲ့ကုသ ဆေးဝါးလှူဒါန်းခြင်း စသည့်မွန်မြတ်သော လုပ်ငန်းများ စဉ်ဆက်မပြတ် အဓွန့်ရှည်စွာ ပြု လုပ်သွားနိုင် ရန် မည်သူမဆို သဒ္ဓါတရား တတ်အားသရွေ့ ပါဝင်စိုက်ထူ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ခေါ် အပ်ပါသည်။

**နိဂုံး**

အထက်ပါ တင်ပြထားသော အချက်အလက်များမှာ ၂၀၁၉ ခုနှစ်အတွင်း ဆေးအလှူတော်ရုံမှ ဝန် ဆောင်မှုပေးခဲ့သော လုပ်ငန်းစဉ်များသာ ဖြစ်ပါသည်။

ဆက်လက်ပြီး ပဓာန နာယက ဆရာတော်၏ မွန်မြတ်သန့်စင်လှသော ရည်ရွယ်ချက်ဖြင့် လူမျိုးဘာသာ မရွေး၊ အတန်းအစားမရွေး မကျန်းမာသူများကို အခမဲ့ကုသ၊ ဆေးဝါးလှူဒါန်းခြင်းလုပ်ငန်း များတွင် ကာယအား၊ ဉာဏအား၊ ငွေကြေး ဓနအင်အားတို့ဖြင့် ဆထက်ထမ်းပိုး ဆက်လက်ပြီး ပါဝင် ကူညီလှူဒါန်းကြပါရန် နှိုးဆော်ခြင်းနှင့်အတူ ပါဝင်ကူညီလှူဒါန်းခဲ့ပြီးသော ကုသိုလ်ဒါန အစုစုတို့အတွက် နတ်လူသာဓု ခေါ်စေသောဝ်။

**အကျိုးတော်ဆောင်ကော်မတီ**

**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း (၆) ရက်**

**2019 ခုနှစ်၊ ဒီဇင်ဘာလ (31) ရက် (အင်္ဂါနေ့)။**

**နောက်ဆက်တွဲ**

၁။ အလှူဝင်ငွေနှင့်ထွက်ငွေစာရင်းများ

၂။ အလှူရှင်စာရင်းများ

၃။ လူနာစာရင်းများ

၄။ ဝန်ထမ်းအမည်စာရင်းများ

၅။ ထာဝရဆေးပဒေသာပင်အလှူရှင်စာရင်းများ